
စိတ်ကူးချိုချိုအနုပညာ

# LEO TOLSTOY




ကမ္ဘာ့အကြီးကျယ်ဆုံး
ဝတ္ထုရေးဆရာတစ်ဦး

# လီယိုတော်လ်စတွိုင်း

ဇင်မျိုး

မြန်မာပြန်

mgyoe.com



mgyoe.com

ZM0007
800.00 KS

mgyoe.com

mgyoe.com

ကမ္ဘာ့အကြီးကျယ်ဆုံးဝတ္ထုရေးဆရာတစ်ဦး လီယိုတော်လ်စတွိုင်း၊ ဇင်မျိုး
အပြင်အဆင်-အမ်အက်ကစ်ဒီ၊ စာမျက်နှာ ၅၂ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ ဒီဇင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ကမ္ဘာ့အကြီးကျယ်ဆုံး ဝတ္ထုရေးဆရာတစ်ဦး လီယိုတော်လ်စတွိုင်း

ဇင်မျိုး

ပထမအကြိမ်၊ ၂၀၀၆

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ


အခန်း (၁)

လီယိုတော်လ်စတွိုင်းမိတ်ဆက် ၂

– အစောပိုင်းနှစ်များ ၅

– ပညာသင်ကြား ၇

အခန်း (၂)

စစ်ထဲဝင်ခြင်း ၁၀

– ပထမဦးဆုံးစာများ ၁၂

အခန်း (၃)

မဟာဝတ္ထုကြီးများ၏ခေတ် ၁၈

– စစ်နှင့် ငြိမ်းချမ်းရေး ၁၈

– အန်နာကရီနီနာ ၂၂

အခန်း (၄)

တော်လ်စတွိုင်းနှင့် ဘာသာရေး ၂၆

– ၁၈၈၀ နောက်ပိုင်း စိတ်ကူးယဉ်ဝတ္ထု ၂၉


mgyoe.com

mgyoe.com

## အခန်း (၅)


တော်လှ်စတွိုင်း၏ အိမ်ထောင်ရေး ၃၆
- အကျပ်အတည်းများ ၃၈
- နောက်ဆုံးဝတ္ထု ၄၂
- နောက်ဆုံးနှစ်များ ၄၃


## အခန်း (၆)


တော်လှ်စတွိုင်းအကြောင်းမှတ်သားစရာများ ၄၈
- တော်လှ်စတွိုင်းရေးခဲ့သော စာများ ၅၁


❑

mgyoe.com


mgyoe.com

mgyoe.com

## အခန်း ၁
## လီယိုတော်လ်စတွိုင်းမိတ်ဆက်

လီယိုတော်လ်စတွိုင်းကို ၁၈၂၈ ခုနှစ်၊ စက်တင်ဘာ ၉ ရက်နေ့တွင် မွေးသည်။ မွေးဖွားရာနေရာမှာ ဟူလာပြည်နယ်၊ ရုရှားဖြစ်သည်။ နောင်တွင် ကမ္ဘာကျော်စာရေးဆရာ ဖြစ်လာမည့် တော်လ်စတွိုင်းသည် ရုရှားစာရေးဆရာဖြစ်သည်။ သရုပ်မှန် စာရေးဆရာဖြစ်ပြီး၊ ကမ္ဘာ့အကြီးကျယ်ဆုံး ဝတ္ထုရေးဆရာများထဲတွင် ပါဝင်သည်။ တော်လ်စတွိုင်းသည် အရှည်ဆုံးဝတ္ထုစာအုပ်ကြီးနှစ်အုပ်ကြောင့် ထင်ရှားခဲ့သည်။ ထိုစာအုပ်နှစ်အုပ်မှာ စစ်နှင့် ငြိမ်းချမ်းရေး၊ အန်နာကရီနီနာတို့ဖြစ်သည်။ ကမ္ဘာ့အကောင်းဆုံးဝတ္ထုကြီးနှစ်ပုဒ်အဖြစ် သတ်မှတ်ခံရသည်။ အထူးသဖြင့် စစ်နှင့် ငြိမ်းချမ်းရေးစာအုပ်သည် စာဖတ်သူများ၊ ဝေဖန်ရေးဆရာများ အကြိုက်ဆုံးဝတ္ထုဖြစ်သည်။ တော်လ်စတွိုင်း၏ ဝတ္ထုတိုများအနက် "အိုင်ဗန်အီလျစ်ချ်သေဆုံးခြင်း" ဝတ္ထုသည် အကောင်းဆုံးဝတ္ထုလတ်အဖြစ် သတ်မှတ်ခံရသည်။ သူ၏ နောက်ဆုံးဆယ်စုနှစ်သုံးခုအတွင်းတွင် သူသည် စာရိတ္တပြုပြင်ရေးနှင့် ဘာသာရေးဆရာအဖြစ် ကမ္ဘာကျော်ခဲ့သည်။ မကောင်းမှုကို ခံနိုင်ရည်မရှိဟူသော လီယိုတော်လ်စတွိုင်း၏အယူဝါဒသည် ဂန္ဒီကို လွှမ်းမိုးခဲ့သည်။

mgyoe.com

mgyoe.com


တော်လ်စတွိုင်း၏ဘာသာရေးအတွေးအခေါ်များမှာ တစ်ချိန်ကကဲ့သို့ အများလေးစားမှုကို မရတော့သည့်တိုင် သူ့ဘဝကို စိတ်ဝင်စားမှု၊ သူ့ကိုယ်ရည်ကိုယ်သွေးကို စိတ်ဝင်စားမှုတို့သည်ကား တိုးလာခဲ့ပါသည်။

တော်လ်စတွိုင်း၏ဝတ္ထုသည် အနုပညာလက်ရာမြောက်ရုံသာမက ဘဝအစိတ်အပိုင်းတစ်ခုလည်း ပါသည်ဟု ၁၉ ရာစု ဗြိတိသျှကဗျာဆရာနှင့် ဝေဖန်ရေးသမား မတ်သရူးအာနိုးလ်၏ အကဲဖြတ်ချက်ကို စာဖတ်သူအများစုက သဘောတူကြသည်။ ကမ္ဘာကြီးသာ ကိုယ့်ဘာသာကိုယ် စာရေးနိုင်မည်ဆိုပါက ကမ္ဘာကြီးသည် တော်လ်စတွိုင်းလို စာရေးပါလိမ့်မည်ဟု ၂၀ ရာစု ရုရှားစာရေးဆရာ အိုင်ဆက်ဘာဘယ်က မှတ်ချက်ပြုခဲ့သည်။ အမျိုးမျိုးသော စာပေနယ်မှ ဝေဖန်ရေးဆရာများကလည်း တော်လ်စတွိုင်း၏စာများသည် လှည့်ဖြားမှုအားလုံးကို ရှောင်လွှဲထားပုံရသည်ဟု ဆိုကြသည်။ အများစုကမူ တော်လ်စတွိုင်း၏ ဘဝအပြောင်းအလဲအနည်းငယ်ကိုပင် ဖမ်းဆုပ်နိုင်သော အရည်အချင်းနှင့် ခန္ဓာကိုယ်အနည်းငယ် ရွေ့လျားမှုလေးကိုပင် သိမှတ်နိုင်သည့် အရည်အချင်းတို့ကို ချီးကျူးကြသည်။ အခြားသော စာရေးဆရာတစ်ဦးကမူ သိမှုကို ဆောင်ရွက်ချက်တစ်ခုအဖြစ်သာ ဖော်ကျူးနိုင်မည်ဖြစ်သော်လည်း တော်လ်စတွိုင်းကမူ အဆိုပါ သိမှုလေးကို သေးငယ်သော အဆင့်လေးများအလိုက် ခွဲခြမ်းသရုပ်ဖော်နိုင်စွမ်း ရှိပေသည်။ တော်လ်စတွိုင်းသည် ဝတ္ထုဆရာများထဲတွင် အကြီးကျယ်ဆုံးဖြစ်ပါသည်။ အင်္ဂလိပ်စာရေးဆရာ ဗာဂျီးနီးယားဝုဖ်က ချီးကျူးခဲ့သည်။ ထိုသို့ မြင်နိုင်စွမ်းရှိသော စွမ်းအားများသည် ကျွန်ုပ်တို့ကို တော်လ်စတွိုင်း အာရုံစိုက်ကြည့်နေပါသည် ဆိုသော စူးစိုက်အကြည့်မှ ရှောင်လွှဲလိုသော စာဖတ်သူများကို အကြောက်တရားထဲကနေ ဆွဲထုတ်ပေးနိုင်စွမ်း ရှိပါသည်။ အဘိုးကြီးလိုဖြစ်နေသော တော်လ်စတွိုင်း

mgyoe.com

mgyoe.com



**တော်လ်စတွိုင်း ငယ်ဘဝ**

ထံ သွားရောက် လည်ပတ်သူများသည် သူတို့ ထုတ်မပြောသော အတွေးများကို တော်လ်စတွိုင်း နားလည်နေပုံရခြင်းကြောင့် အကြီးအကျယ် ကသိကအောက်ဖြစ်ရသည်ဟု ဆိုကြသည်။ ဘုရားသခင်လိုမျိုး သူ၏ စွမ်းအားများ၊ လူသားတို့၏ ကန့်သတ်ချက်များကို လွန်မြောက်ရန် သူ၏ ကြိုးပမ်းမှုများမှာ နေရာတကာတွင် ပြောစရာဖြစ်နေသည်။ တချို့က တော့်လ်စတွိုင်းကို သဘာဝနှင့် သန့်ရှင်းသော အသက်ဝင်မှုတို့၏ ပြယုဂ်ဟုလည်းကောင်း၊ အခြားသူများကမူ သူ့ကို လောက၏ အသိတရား သို့မဟုတ် လိပ်ပြာ ပြန်ဝင်စားခြင်းဟုလည်းကောင်း ပြောဆိုကြသော်လည်း သူ့အကြောင်း သိသူ အားလုံးလောက်

mgyoe.com

နှင့် သူ့စာများကို ဖတ်ဖူးကြသူများကမူ သူသည် အမြဲတမ်း ရှင်သန်နေသော အကြီးကျယ်ဆုံး စာရေးဆရာကြီးအဖြစ်သာမက ဘဝ အဓိပ္ပာယ်ကို ရှာဖွေနေသည့် သက်ရှိသက်သေတလည်းဖြစ်သည်ဟု ရှုမြင်ထားကြသည်။

## အစောပိုင်းနှစ်များ

ထင်ရှားသော မင်းစိုးရာဇာ အသိုင်းအဝိုင်း၏မျိုးဆက်ဖြစ်သော လီယိုတော်လ်စတွိုင်းကို မော်စကိုမြို့တော်၏ တောင်ဘက် မိုင် ၁၃၀ ခန့်အကွာက မိသားစုအိမ်ကြီးမှာပင် မွေးသည်။ ထိုအိမ်ကြီးမှာပင် အနေများခဲ့ပြီး၊ အရေးပါသော စာများကိုလည်း ထိုအိမ်မှာပင် ရေးခဲ့သည်။ မိခင်ဖြစ်သူ မာရီယာ နီကိုလာယက်နာသည် ဗော်လ်ကွန်စကာ ရာ မင်းသမီးဖြစ်သည်။ တော်လ်စတွိုင်း အသက် ၂ နှစ် မပြည့်ခင် မိခင် ကွယ်လွန်သည်။ တော်လ်စတွိုင်း၏ ဖခင် နီကိုလေးအီလစ်ချ်သည် တော်လ်စတွိုင်းမြို့စားဖြစ်သည်။ သူသည်လည်း ၁၈၃၇ တွင် ကွယ်လွန်သွားခဲ့သည်။ ဖခင် ကွယ်လွန်ပြီးနောက်၊ ဆယ့်တစ်လ အကြာတွင် တော်လ်စတွိုင်း၏ အဘွားလည်း အနိစ္စရောက်သွားပြန်သည်။ ထို့ကြောင့် တော်လ်စတွိုင်းကို နောက်ထပ် အုပ်ထိန်းရသူမှာ သူ့အဒေါ်အလက်ဇန္ဒရာဖြစ်သည်။ ၁၈၄၁ တွင် တော်လ်စတွိုင်းသည် အဒေါ်အလက်ဇန္ဒရာ၏ အုပ်ထိန်းမှုအောက်ကို ရောက်ရှိခဲ့သည်။ တော်လ်စတွိုင်းနှင့် သူ၏မွေးချင်းလေးဦးတို့သည် ရုရှားနိုင်ငံ အနောက်ပိုင်းရှိ အခြားအဒေါ်တစ်ဦးရှိရာ ခါဇန်ကို ပြောင်းခဲ့ကြရပြန်သည်။ တော်လ်စတွိုင်းသည် ယာစညာနာပိုလျာနာတွင် နေထိုင်သော ဝမ်းကွဲမောင်နှမတစ်ဦးကို သတိရသည်။ တော်လ်စတွိုင်းက သူ့ကို "အန်တီတွိုင်းနက်" ဟု ခေါ်သည်။ တွိုင်းနက်သည် တော်လ်စတွိုင်း၏ ကလေး

mgyoe.com

mgyoe.com



အသက် ၂၀ အရွယ် တော်လ်စတွိုင်း (၁၈၄၈)

ဘ၀ကို အကြီးအကျယ်လွှမ်းမိုးခဲ့သည်။ လူငယ်ဘ၀တွင် တော်လ်စတွိုင်းသည် တွိုင်းနက်ထံသို့ ထိမိလှသည့် စာများရေးခဲ့သည်။ မရဏဘေးနှင့် အဆက်မပြတ် ရင်ဆိုင်ခဲ့ရလင့်ကစား တော်လ်စတွိုင်းသည် သူ၏ ကလေးဘ၀ကို စိတ်ချမ်းမြေ့ဖွယ် ကောင်းသည်ဟု ဖော်ပြလေ့

mgyoe.com

mgyoe.com


ရှိသည်။ သူ၏ ပထမဦးဆုံး ပုံနှိပ်ထုတ်ဝေခဲ့သော စာအုပ်မှာ Detstvo (ကလေး ဘဝ၊ ၁၈၅၂) ဖြစ်၍ သူ၏ ကလေးဘဝကို ပြန်လည် လွမ်းဆွတ်ကာ စိတ်ကူးယဉ် ရေးသားထားသော စာအုပ်ဖြစ်လေသည်။

## ပညာသင်ကြား

ဆရာများကို အိမ်ခေါ်၍ စာသင်ခဲ့သော တော်လ်စတွိုင်းသည် ၁၈၄၄ တွင် ခါဇန်တက္ကသိုလ်ကို တက်ရောက်ခဲ့ပြီး အရှေ့တိုင်းဘာသာစကားများကို သင်ယူခဲ့သည်။ စာညံ့သဖြင့် မကြာခင် စာသိပ်မခက်လှသော ဥပဒေကျောင်းကို ပြောင်းခဲ့ရသည်။ ထိုကျောင်းတွင် သူသည် ပြင်သစ်နိုင်ငံရေး ဒဿနပညာရှင် မွန်တက်စကျူး၏ The Spirit of Laws နှင့် ရုရှားဧကရီ Catherine II the Great ၏ နာဇက် (ဥပဒေစည်းကမ်းများအတွက် လမ်းညွှန်များ) စာအုပ်တို့ကို နှိုင်းယှဉ်ရေးသားခဲ့သည်။ စာပေနှင့် လူ့ကျင့်ဝတ်တို့ကို စိတ်ဝင်စားသော လီယိုတော်လ်စတွိုင်းသည် အင်္ဂလိပ်ဝတ္ထုဆရာကြီးများဖြစ်သော ယောရင့်စတမ်းနှင့် ချားလ်ဒစ်ကင်းတို့၏ စာများကိုလည်း ပြင်သစ်တွေးခေါ်ရှင် ဂျိမ်းယာကေးရူဆော၏ စာပေလက်ရာများနှင့် နှိုင်းယှဉ်ခဲ့သည်။ တော်လ်စတွိုင်းသည် လက်ဝါးကပ်တိုင်ကြက်ခြေခတ်နေရာတွင် ရူဆောပုံပါသော လည်ဆွဲကို ဝတ်ဆင်ခဲ့သည်။ သူသည် အရက်သောက်ခြင်း၊ လောင်းကစားလုပ်ခြင်း၊ အပျော်အပါးလိုက်စားခြင်းတို့ကို လူမှုရေးအရ လက်ခံနိုင်လောက်သော စံနှုန်းများအတိုင်း လုပ်ဆောင်ရင်း အချိန်များကို ကုန်လွန်စေခဲ့သည်။

သူသည် ၁၈၄၇ တွင် တက္ကသိုလ်က ထွက်ခဲ့သည်။ ဘွဲ့မရခဲ့ပေ။ တော်လ်စတွိုင်းသည် ယာစညာနာပိုလျာနာကို ပြန်လာခဲ့ပြီး၊

mgyoe.com

mgyoe.com

ကိုယ့်ဘာသာကိုယ် ပညာဆည်းပူးရန် ဆုံးဖြတ်ခဲ့သည်။ အိမ်ကို စီမံခန့်ခွဲသည်။ သူ၏ အခိုင်းအစေများ တိုးတက်လာအောင် စီမံသည်။ နေ့ထိုင်မှုပုံစံများကို ပြောင်းလဲရန် မကြာခဏ သန္နိဋ္ဌာန်ချလေ့ရှိသော်လည်း သူသည် တူလာ၊ မော်စကို၊ စိန့်ပီတာစဘတ်တို့တွင် နေထိုင်စဉ် ပေါ့ပေါ့နေ ပေါ့ပေါ့စား အနေအထားအတိုင်း ရှိနေခဲ့သည်။

■

mgyoe.com



mgyoe.com

mgyoe.com

## အခန်း ၂
## စစ်ထဲဝင်ခြင်း

ဘဝကို ပေါ့ပေါ့ပါးပါးဖြတ်သန်းကာ လျော့တိလျော့ရဲ နေထိုင်နေသော တော်လ်စတွိုင်းသည် ကော်ကေးဆပ်တွင်နေသော အစ်ကိုကြီး နီကိုလေးထံသွားသည်။ နီကိုလေးသည် စစ်တပ်တွင် အရာရှိဖြစ်သည်။ ထို့ကြောင့် ၁၈၅၁ တွင် တော်လ်စတွိုင်းသည် ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် စစ်ထဲဝင်လိုက်သည်။ သူသည် ကော်ဘေးဆပ် တိုင်းရင်းသားများနှင့် ဖြစ်ပွားသော အရေးအခင်းများတွင် ပါဝင်ခဲ့သည်။ မကြာခင် ခရိုင်းမီးယားစစ်ပွဲဖြစ်ပွားသည်။ ခရိုင်းမီးယားစစ်ပွဲသည် ၁၈၅၃ တွင် စတင်ခဲ့ပြီး ၁၈၅၆ တွင် ပြီးဆုံးခဲ့သည်။

၁၈၄၇ တွင် တော်လ်စတွိုင်းသည် နေ့စဉ်မှတ်တမ်းကို စတင်ရေးသားသည်။ ထိုဒိုင်ယာရီသည် ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်ရာတွင် အစမ်းသပ်ခံများဖြစ်လာခဲ့ပြီး သူ၏ ဓာတ်ခွဲခန်းတစ်ခုကဲ့သို့ ဖြစ်လာလေသည်။ နောက်ပိုင်းတွင် နေ့စဉ်မှတ်တမ်းများသည် သူ၏ ဝတ္ထုဖြစ်လာခဲ့၏။ တချို့အချိန်များတွင် ဒိုင်ယာရီ မရေးဖြစ်ခဲ့သော်လည်း တော်လ်စတွိုင်းသည် တစ်ဘဝလုံးတွင် ဒိုင်ယာရီများကို ရေးခဲ့သည်။

mgyoe.com

mgyoe.com




**၁၈၅၆ ခုနှစ်တွင် စာရေးဆရာများနဲ့အတူ တော်လ်စတွိုင်း (မတ်တတ်ရပ်လျက် ဘယ်အစွန်) အား တွေ့မြင်ရပုံ**

ထို့ကြောင့် သူသည် နေ့စဉ်မှတ်တမ်းမှ စာများကို ပြန်လည်ချရေးခဲ့သော စာရေးဆရာတစ်ဦးဖြစ်သည်။

ဘဝအနေအထားကို ပြန်လည်ဆင်ခြင်သုံးသပ်ရာတွင် သူသည် သူ၏ ပထမဆုံးနေ့စဉ်မှတ်တမ်းစာအုပ်၌ ရေးသောအကြောင်းအရာမှာ သူ့တွင် ကာလသားရောဂါရှိနေပြီဆိုသော အကြောင်းအရာဖြစ်နိုင်ပါသည်။ တော်လ်စတွိုင်းသည် လူမှုရေး၊ စာရိတ္တအပြုအမူတို့နှင့် သက်ဆိုင်သော ရှုထောင့်အမျိုးမျိုးအတွက် စည်းမျဉ်းများကို ရေးဖွဲ့ထားသော

mgyoe.com

mgyoe.com


ကြောင့် အစောပိုင်းဒိုင်ယာရီများသည် စည်းမျဉ်းထုတ်ပြန်ခြင်းကို မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ အဆိုပါ စည်းမျဉ်းများကို လိုက်နာရန် စာရေးသူကိုယ်တိုင် အကြိမ်ကြိမ်ပျက်ကွက်ပုံကို ရေးသားထားပြီး၊ စည်းကမ်းအဟောင်းများကို လိုက်နာရန် စည်းကမ်းသစ်များ ဖော်ထုတ်ရန် ကိုယ်တိုင်ကြိုးပမ်းမှုများ၊ကိုယ့်ကိုယ်ကိုယ်အပြစ်ပေးရန် မကြာခဏ ကြိုးပမ်းခဲ့ခြင်းတို့ကိုလည်း မှတ်တမ်းရေးခဲ့သည်။ ဘဝသည် ရှုပ်ထွေးလွန်းပြီး၊ ကိုယ့်ကိုယ်ကိုယ် ဆုံးမပဲ့ပြင်ရာတွင် အဆိုပါ မအောင်မြင်သည့် ကြိုးပမ်းမှုများမှ ဆင်းသက်လာသော စည်းမျဉ်းများ သို့မဟုတ် အတွေးအခေါ်စနစ်များနှင့် ကိုက်ညီအောင် နေထိုင်၍မရဟု နောက်ပိုင်းတွင် တော်လ်စတွိုင်း သိလာသည်။

## ပထမဦးဆုံးစာများ

သရုပ်အစစ်အမှန်ကို ဖုံးကွယ်ထားခဲ့သော တော်လ်စတွိုင်းသည် ကဗျာဆရာ နီကိုလေးနီခရာဆော့ တည်းဖြတ်သည့် ခေတ်ပြိုင်ဂျာနယ်တွင် "ကလေးဘဝ" ကို ရေးသားတင်ပြခဲ့သည်။ နီခရာဆော့သည် စိတ်ဝင်စားလာခဲ့ပြီး နာမည်ဝှက်ဖြင့် ရေးသော "ကလေးဘဝ" မှာ ကျယ်ကျယ်ပြန့်ပြန့် ချီးကျူးခံရသည်။ နောက်လာမည့် နှစ်အနည်းငယ်တွင် တော်လ်စတွိုင်းသည် ကော်ကေးဆပ်က သူ၏ အတွေ့အကြုံများကို အခြေခံထားသည့် စာများကို အများအပြားရေးသားခဲ့သည်။ ထိုအထဲတွင် The Raid (၁၈၅၃) လည်း ပါဝင်သည်။ ထို့အပြင် ခရိုင်းမီးယားစစ်ပွဲအတွင်းတွင် ဆီဗက်စတိုပိုးလ်ကို သိမ်းယူခြင်းဆိုသည့် စာတို သုံးပုဒ်လည်းပါဝင်ရာ ဒီဇင်ဘာဆီဗက် စတိုပိုးလ်၊ မေဆီဗက်စတိုပိုးလ်နှင့် ဩဂုတ်ဆီဗက်စတိုပိုးလ်တို့ဖြစ်ပြီး သုံးပုဒ်စလုံးကို ၁၈၅၅–၁၈၅၆ တွင် ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။ ပထမအပုဒ်မှာ

mgyoe.com

mgyoe.com


ရိုးရိုးစစ်သားတို့၏သူရသတ္တိကို ရေးသားထားခြင်းဖြစ်ပြီး ဇာဘုရင် ချီးကျူးခံခဲ့ရသော စာတိုဖြစ်လေသည်။ ညှော့လမ်းညွှန်တစ်ဦးကဲ့သို့ ဒုတိယပုဂ္ဂိုလ်အနေဖြင့် ရေးသားသော ဤဇာတ်လမ်းမှာ အခြား သူတို့၏ ဒုက္ခကို စူးစမ်းလိုသည့် သူ၏ တစ်ဘဝလုံးအရေးကိစ္စနှင့် အပေါ်ယံ စမ်းသပ်လေ့လာမှုကို သူ အလွန် စိတ်ဝင်စားသည်ဆိုခြင်းတို့အား ဖော်ကျူးထားခြင်း ဖြစ်ပေသည်။ ဒုတိယအပုဒ်မှာ စစ်သားတစ်ဦး ဗုံးထိ၍ မသေခင် သတိမေ့မြောနေပုံကို ရေးထားခြင်းဖြစ်သည်။ ဇာတ်လမ်းအဆုံးသတ်တွင် တော်လ်စတွိုင်းက သူ၏ဇာတ်ကောင်များမှာ သူရဲကောင်းများ မဟုတ်ကြ၊ ကျွန်ုပ်ဇာတ်လမ်း၏ သူရဲကောင်း အစစ်အမှန်မှာ ငါ့ဝိညာဉ် စွမ်းအားများကို ချစ်မြတ်နိုးသူ၊ အမြဲတမ်း လှပနေမည့်သူဖြစ်သော သစ္စာတရားပင် ဖြစ်ပါသည်ဟု ရေးခဲ့လေသည်။ ထိုအချိန်မှစ၍ စာဖတ်သူများသည်စိတ်ကူးယဉ်၊ အလှအပတရားကို ဖျက်ဆီးပစ်နိုင်စွမ်းရှိသည့် တော်လ်စတွိုင်း၏ "ပရမတ်ဘာသာစကား" အစွမ်းကို နားလည်သွားကြတော့သည်။

ခရိုင်းမီးယားစစ်ပွဲအပြီးတွင် တော်လ်စတွိုင်းသည် စစ်ထဲက ထွက်ခဲ့သည်။ စိန့်ပီတာစဘတ်စာပေ အသိုက်အဝန်းက တော်လ်စတွိုင်းကို ချီးကျူးခဲ့ကြသည်။ သို့ရာတွင် သူသည် စိတ်ဆိုးတတ်ခြင်း၊ ဘဝင်မြင့်တတ်ခြင်း၊ပညာတတ်အသိုက်အဝန်းကို ဝင်ရန်ငြင်းဆန်ခြင်း၊ သီးခြားလွတ်လပ်စွာ နေတတ်ခြင်းတို့ကြောင့် မကြာခင်သူသည် အစွန်းရောက် ပညာတတ် လူတန်းစား၏ မုန်းတီးခြင်းခံရပါတော့သည်။ ဘဝတိုးတက်မှုလမ်းစဉ်နှင့် ဆန့်ကျင်ကာ သူသည် ဘဝတစ်လျှောက်လုံး ရှေးဆန်သူတစ်ဦးအဖြစ် နေထိုင်သွားခဲ့သည်။

၁၈၅၇ တွင် တော်လ်စတွိုင်းသည် ပါရီသို့ သွားသည်။ ပါရီတွင် ငွေများ လောင်းကစားလုပ်၍ ဆုံးရှုံးသွားခဲ့ပြီးနောက် သူသည် ရုရှား

mgyoe.com

mgyoe.com

ကို ပြန်လာခဲ့သည်။ စာသင်ဆရာအဖြစ် အသက်မွေးရန် ဆုံးဖြတ်လိုက်သည်။ ထို့နောက် သူသည် တောင်သူလယ်သမားတို့၏ သားသမီးများအတွက် စာသင်ကျောင်းတစ်ကျောင်းကို အိမ်တွင် ဖွင့်ရန် စီစဉ်သည်။ စာသင်ကြားခြင်းဆိုင်ရာ သဘောတရား၊ လက်တွေ့တို့ကို လေ့လာရန် အနောက်ဥရောပကို လေ့လာရေးခရီးထွက်ခဲ့ပြီးနောက် သူသည် ဂျာနယ် ၁၂ စောင် ထုတ်ဝေခဲ့သည်။

တော်လ်စတွိုင်းသည် နာမည်ကျော် မော်စကိုသမားတော်၏ သမီးဆိုဖီယာအန်ဒရီယက်ဗနာဘားစ်ကို ၁၈၆၂ တွင် လက်ထက်ခဲ့သည်။ မကြာခင် တော်လ်စတွိုင်းသည် အိမ်ထောင်သည် ဘဝကို ဦးစားပေးခဲ့ပြီး စစ်နှင့်ငြိမ်းချမ်းရေးစာအုပ်ကို ရေးသည်။ တော်လ်စတွိုင်းတို့ဇနီးမောင်နှံသည် သားသမီး ၁၃ ဦး ထွန်းကားခဲ့သည့်အနက် ၁၀ ဦး အသက်ရှင်ခဲ့သည်။

၁၈၅၀ ပြည့်နှစ်ကာလ နှောင်းပိုင်းနှင့် ၁၈၆၀ ပြည့်နှစ်အစောပိုင်းကာလများတွင် တော်လ်စတွိုင်း ရေးခဲ့သော စာများမှာ သူ၏ ကိုယ်ကျင့်တရား၊ သူ၏ ဒဿနအယူအဆများကို ဖော်ပြရန် ပုံစံသစ်များအား စမ်းသပ်ထားသော စာများဖြစ်လေသည်။ "ကလေးဘဝ" ဝတ္ထုတွင် သူသည် "ငယ်ဘဝ (၁၈၅၄)၊ လူငယ် ၁၈၅၇)" တို့ကို ဖြည့်စွက်ခဲ့သည်။ ဇာတ်လမ်းအများစုတွင် ဇာတ်ကောင် ဒီမိထရီနက်ကလျူဒေါ့က အတ္ထုပ္ပတ္တိတစ်ပိုင်းပုံစံပြောဆိုရန် ရေးသားခဲ့ကာ နောက်ပိုင်းတွင် ထိုဇာတ်ကောင်မှာ တော်လ်စတွိုင်း၏ "ပြန်လည်ထမြောက်ခြင်း" ဝတ္ထု၌ သူရဲကောင်းအဖြစ် ပြန်လည်ပေါ်ထွက်လာခဲ့သည်။ ၁၈၅၇ တွင် ရေးခဲ့သော "လူဆန်း" တွင် တော်လ်စတွိုင်းသည် အဖြစ်အပျက်ကို နေ့စဉ်မှတ်တမ်းပုံစံဖြင့် ဦးစွာရေးသားခဲ့ပြီး၊ ထိုအဖြစ်အပျက်၏ အချိန်မဲ့ အဓိပ္ပာယ်ကို အလေးအနက်ဆင်ခြင်ကာ၊ နောက်ဆုံးတွင် သူ၏

mgyoe.com

mgyoe.com


ကိုယ်ပိုင်အယူအဆများကို ရေးသွားခဲ့သည်။

၁၈၆၃ တွင် ရေးသားခဲ့ပြီး ၁၈၈၆ တွင် ပြန်လည်တည်းဖြတ်ထုတ်ဝေခဲ့သော ခိုလ်စတိုမာ (မြင်းတစ်ကောင်၏ ဇာတ်လမ်း) သည် လူကြိုက်များလှသော တော်လ်စတွိုင်း၏လှည့်ကွက်ကြောင့် နာမည်ကြီးလာခဲ့သည်။ တော်လ်စတွိုင်း၏လှည့်ကွက် ဆိုသည်မှာ လူတို့နှင့်



ဇနီး ဆိုဖီယာအန်ဒရိုနဲ့ တော်လ်စတွိုင်း

mgyoe.com